JYVÄSKYLÄN KAUPUNKI OHJE

**Sosiaali- ja terveyspalvelut**
Puheterapia 17.5.2009

Myanmar(Burma)




# PUHETERAPIA

## စကားပြောဆိုသည့်ကုထုံး

ကုထုံးတခုခုဖြင့်ကုသသည့်ဆရာ/ ဆရာမသည်၊စကားပြောရာတွင်အခက်အခဲရှိသည့်သို့မဟုတ်ကြားသည့်စကားကိုနားမလည်သည့်ကလေးများကို စမ်းသပ်စစ်ဆေးပြီးကောင်းမွန်လာရန်အတွက်ပြုလုပ်သည်။လိုအပ်ပါက၊ဆရာ/ ဆရာမအနေနှင့်ကလေးကိုဆက်လက်စမ်းသပ်မှုပြုလုပ်ရန်အတွက် အခြားကျွမ်းကျင်သူများထံသို့ပို့ပေးနိုင်သည်။ဥပမာအားဖြင့်စာဖတ်ခြင်းနှင့်စာရေးတတ်ခြင်းအတွက်သင်ကြားရန်အခက်အခဲရှိသူများသည်ကုထုံး ဖြင့်ကုသသည့်ဆရာ/ ဆရာမများ၏အကူအညီဖြင့်လျော့ပါးသွားစေခြင်း၊ သို့မဟုတ်ပြဿနာမကြီးမားလာရန်အတွက်အကာအကွယ်ပြုနိုင်သည်။

ဖင်လန်နိုင်ငံသားများ၏ကျန်းမာရေးစောင့်ရှောက်မှုတစိပ်တဒေသအဖြစ်ပါဝင်သည့်စကားပြောဆိုသည့်ကုထုံးကိုကျောင်းမတက်ရသေးသည့်က လေးများအနေနှင့်သွားရောက်ကုသကြသည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊သို့မဟုတ်နေ့ကလေးထိန်း႒ါနမှစကားပြောဆိုသည့်ကုထုံးကိုခံယူရန်အတွက်ကလေးများကိုလမ်းညွှန်ပေးသည်။ မိဘများအနေနှင့်လည်းကလေး၏စကားပြောဆိုမှုနှင့်ပတ်သက်ပြီးစိုးရိမ်စရာရှိပါကငင်းတို့ကိုယ်တိုင်လည်းဆက်သွယ်နိုင်သည်။

ကုသမှုသည်တကြိမ်လျှင်န၅မိနစ်ကြာသည်။စကားပြောကုသသည့်နေရာတွင်အမျိုးမျိုးကစားခြင်း၊ကစားနည်းအမျိုးမျိုးအသုံးပြုခြင်းဖြင့်စကားပြောခြင်း ကိုကျင့်ကြသည်။မိဘများသည်ကလေးနှင့်အတူတကွလာရောက်၍ဖြစ်စေ၊ကလေးနှင့်ကုသသူနှစ်ဦးတည်းသာဖြစ်စေကုသကြသည်။ပထမဦးဆုံးအကြိမ် လာရောက်ကုသသည့်အခါလိုအပ်ပါကစကားပြန်နှင့်အတူလာရမည်။ ဘယ်နှစ်ခေါက်လာရောက်ရန်လိုအပ်မည်ဆိုသည်ကိုကလေးလို အပ်မှု ပေါ်မူ တည်ပြီးမိဘနှင့်သဘောတူညီမှုပြုလုပ်သည်။နေ့စဉ်ကလေးနှင့်အတူတကွကျင့်နိုင်ရန်အတွက်မိသားစုအနေနှင့်လေ့ကျင့်ရန်တို့ကိုအိမ်သို့ပေးသည်။